**CHIN NATIONAL FRONT**
**GENERAL HEADQUARTERS**
**CHINLAND**

---

## ခွန်ထွန်းဦး နှင့် ဗိုလ်ချုပ်ဆေထင်အပါအဝင် ရှမ်းတိုင်းရင်းသားခေါင်းဆောင်များအပေါ် နအဖမှ နှစ်ရှည်ထောင်ဒါဏ် ချမှတ်ခြင်းနှင့် ပါတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

နအဖ စစ်အစိုးရက ရှမ်းတိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသည့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးစိုင်းညွန့်လွင် နှင့် ရှမ်းပြည်အမျိုးသားနာယက ဗိုလ်ချုပ်ဆေထင် အပါအဝင် ရှမ်းအမျိုးသားခေါင်းဆောင် များအား နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ထားခြင်းသည် ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း လွတ်လပ်မှု၊ တရားမျှတမှု၊ တရားဥပဒေစိုးမိုးမှု၊ စိတ်သုန်းနေခြင်းနှင့်၊ စစ်အာဏာရှင် စနစ်ဆက်လက်ရှင်သန် နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတရပ်လုံးအပေါ် စစ်အာဏာရှင်အစိုးရ၏ လူမဆန်သော ဖိနှိပ်ရက်စက်ရုတ်မာမှု သရုပ်သကန် ပင်ဖြစ်ပေသည်။

နအဖ စစ်အစိုးရသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဟူ၍ အမြဲ ကြွေးကြော်နေသည့်တချိန်ထဲတွင်၊ တဘက်၌ဒီမိုကရေစီရေး၊ ဖက်ဒရေပြည်ထောင်စု တည်ဆောက်ရေးနှင့် တိုင်းရင်းသားများ၏ မွေးရာပါအခွင့်အရေးများ ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင် နေကြသော ရှမ်းတိုင်းရင်းသားခေါင်းဆောင်များအပေါ် မတရား နှစ်ရှည်ထောင်ဒါဏ်ချမှတ်ခဲ့ခြင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုတည်တံ့ခိုင်မြဲရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးကို နအဖစစ်အစိုးရ လက်အောက်တွင် မည်သို့မျှလုပ်ဆောင်၍ မဖြစ်နိုင်ကြောင်းကို သက်သေပြခြင်းပင်ဖြစ်ပါ၍ ဤသို့သော နအဖ၏ ဖက်ဆစ်ဆန်ဆန် လုပ်ရပ်အပေါ် ချင်းအမျိုးသားတပ်ဦးအနေဖြင့် အပြင်းအထန်ရှုတ်ချလိုက်သည်။

နအဖစစ်အုပ်စုအနေဖြင့် တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်လို ပါက ဦးခွန်ထွန်းဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိလွှတ်ပေးရန်နှင့် နိုင်ငံရေးအရအဓိပ္ပါယ် ပြည့်ဝသော တွေ့ဆုံဆွေးနွေးမှုများကို လွတ်လပ်သည့် ဒီမိုကရေစီဝန်းကျင်အောက်တွင် ပြုလုပ်ရန်၊ ထိုသို့ပြုလုပ်ရန် ပျက်ကွက်ပါက နအဖ၏အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်နေသည့် တိုင်းရင်းသားကိုယ်စားလှယ်များ အနေဖြင့် မကြာမီ နအဖမှပြန်လည်ကျင်းပပြုလုပ်မည့် အမျိုးသားညီလာခံသို့ ပါဝင်တက်ရောက်ခြင်း မပြုလုပ်ကြ ပါရန် ချင်းအမျိုးသားတပ်ဦးမှ တိုက်တွန်းလိုက်ရပေသည်။

ဗဟိုကော်မီတီ
ချင်းအမျိုးသားတပ်ဦး
ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်